
ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး
Office of the Securities and Exchange Commission of Myanmar

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ မှ စက်တင်ဘာလ အထိ အတွဲ ၃၊ အမှတ် ၃၊အောက်တိုဘာလ ၂၀၂၄ www.secm.gov.mm



# အရင်းအနှီးဈေးကွက်သတင်းလွှာ

# *Capital Market Bulletin*





စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးမှ (၃) လ တစ်ကြိမ် ထုတ်ဝေသည်။

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| **ပြည်တွင်းသတင်း** | |
| “AT A GLANCE – IFRS; For the Development of Capital Market” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပခြင်း | ၁ |
| ဒုတိယဈေးကွက်တွင် ပထမဆုံးမှတ်ပုံတင်စာရင်းဝင် ကုမ္ပဏီဝင်ရောက်ခြင်း အခမ်းအနားကျင်းပ | ၁ |
| ဒါရိုက်တာအသိအမှတ်ပြုလက်မှတ်ရသင်တန်းနှင့် ဆွေးနွေးပို့ချခြင်း | ၁ |
| **ဆောင်းပါး** | |
| အရင်းအနှီးဈေးကွက်တွင် ရင်းနှီးမြှုပ်နှံခြင်း | ၂-၃ |
| **ကော်မရှင်ရုံး၏လုပ်ငန်းဆောင်ရွက်ချက်များ** | |
| ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနား | ၄ |
| နှုတ်ဆက်လက်ဆောင် ပေးအပ်ပွဲ အခမ်းအနား | ၄ |
| အင်္ဂလိပ်စာကျွမ်းကျင်မှုအခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၂၄)ဖွင့်ပွဲ ကျင်းပခြင်း | ၄ |
| သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု တည်မြဲအမိန့်နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း | ၄ |
| မိတ်ဆုံစားပွဲ ကျင်းပခြင်း | ၅ |
| လုပ်ငန်းဆောင်ရွက်မှုအား စစ်ဆေးခြင်း | ၅ |
| အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ | ၅ |
| ကော်မရှင်ရုံးအစည်းအဝေးများ | ၅ |
| ကော်မရှင်ရုံးဆွေးနွေးပွဲများ | ၅ |
| အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် ဒုတိယအကြိမ်အကဲများအစည်းအဝေး တက်ရောက်ခြင်း | ၆ |
| ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ သင်တန်းတက်ရောက်ခြင်း | ၆ |
| အင်္ဂလိပ်စာကျွမ်းကျင်မှု အဆင့်မြင့် သင်တန်းတက်ရောက်ခြင်း | ၆ |
| **ဈေးကွက်ဆိုင်ရာအချက်အလက်များ** | |
| ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်မှုနှင့် နိုင်ငံခြားသားအစုရှယ်ယာရောင်းဝယ်မှုများ | ၇ |
| အစုရှယ်ယာရောင်းဝယ်မှုများ | ၇ |
| အစိုးရငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်မှုများ | ၈ |
| ဈေးကွက်တွင်ပါဝင်သူများနှင့်ပူးပေါင်းဆောင်ရွက်မှု | ၈ |
| **အာဆီယံနိုင်ငံများဆိုင်ရာ သတင်းအချက်အလက်များ** | |
| ၃၇ ကြိမ်မြောက် အာဆီယံအိပ်ချိန်းများ၏ အမှုဆောင်အရာရှိချုပ်များ အစည်းအဝေးတွင် အာဆီယံဒေသကို ပိုမိုဆွဲဆောင်မှုရှိသောဒေသ ဖြစ်လာစေရေးတိုးချဲ့ပံ့ပိုးဖော်သွားရန် ကတိပြု | ၉-၁၀ |
| ထိုင်းစတော့အိပ်ချိန်း (SET) နှင့် FTSE Russell တို့ ပူးပေါင်းဆောင်ရွက် | ၁၁-၁၂ |

# ပြည်တွင်းသတင်း

## "AT A GLANCE – IFRS; For the Development of Capital Market" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပခြင်း





၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့တွင် ရန်ကုန်စတော့အိပ်ချိန်း၌ "AT A GLANCE – IFRS; For the Development of Capital Market" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ရာ ဆွေးနွေးပွဲသို့ စာရင်းဝင်ကုမ္ပဏီများနှင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၊ မှတ်ပုံတင်အကြံပေးကုမ္ပဏီများ၊ စာရင်းဝင်ရန် အလားအလာရှိသောကုမ္ပဏီများမှ တာဝန်ရှိသူများ စုစုပေါင်း (၆၂) ဦး တက်ရောက်ခဲ့ပါသည်။

---

## ဒုတိယဈေးကွက်တွင် ပထမဆုံးမှတ်ပုံတင်စာရင်းဝင် ကုမ္ပဏီဝင်ရောက်ခြင်း အခမ်းအနားကျင်းပ




ရန်ကုန်စတော့အိပ်ချိန်း၏ ဒုတိယဈေးကွက် (Pre-Listing Board-PLB) တွင် ပထမဆုံးမှတ်ပုံတင်စာရင်းဝင် ကုမ္ပဏီဝင်ရောက်ခြင်း အခမ်းအနားကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ရန်ကုန်စတော့ အိပ်ချိန်း၌ ကျင်းပခဲ့ပါသည်။

## ဒါရိုက်တာအသိအမှတ်ပြုလက်မှတ်ရသင်တန်း၌ ဆွေးနွေးပို့ချခြင်း



MIoD ၏ (၁၃) ကြိမ်မြောက် ဒါရိုက်တာအသိအမှတ်ပြုလက်မှတ်ရ သင်တန်းတွင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းဆိုင်ရာ ဘာသာရပ်အား ဆွေးနွေးပို့ချခဲ့ပါသည်။

## အရင်းအနှီးဈေးကွက်တွင် ရင်းနှီးမြှုပ်နှံခြင်း

ငွေပိုငွေလျှံရှိသူများအတွက် အရင်းအနှီးဈေးကွက်သည် ရင်းနှီးမြှုပ်နှံရာ နေရာကောင်းတစ်ခု ဖြစ်ပါသည်။ အရင်းအနှီး ဈေးကွက်များကို အဓိကအားဖြင့် မူလဈေးကွက်နှင့် ဆင့်ပွားဈေး ကွက်ဟူ၍ အမျိုးအစားနှစ်မျိုးခွဲခြားနိုင်ပါသည်။ မူလဈေးကွက် များ(Primary Markets)သည် ရင်းနှီးမြှုပ်နှံသူများသို့ စတော့ ရှယ်ယာများနှင့် ငွေချေးစာချုပ်များကို ကနဦး အများပြည်သူ ဆိုင်ရာ ကမ်းလှမ်းမှုများ (Initial Public Offering – IPO) သို့မဟုတ် ထုတ်ဝေခြင်းများကဲ့သို့သော ငွေချေးသက်သေခံလက် မှတ်အသစ်များ ဖန်တီးရောင်းချသည့် နေရာဖြစ်သည်။ ဆင့်ပွား ဈေးကွက်များ(Secondary Markets)သည်စတော့အိတ်ချိန်းများ သို့မဟုတ် ကောင်တာ (Over The Counter – OTC) ဈေးကွက် များမှတစ်ဆင့် ရင်းနှီးမြှုပ်နှံသူများအကြားတွင် ရှိပြီးသား ငွေချေးသက်သေခံလက်မှတ်များကို ရောင်းဝယ်သည့်နေရာ ဖြစ် သည်။ မူလဈေးကွက်များသည် ထုတ်ဝေသူများက ၎င်းတို့၏ ပရောဂျက်များနှင့် လုပ်ငန်းဆောင်ရွက်မှုများအတွက် ရန်ပုံငွေ ရှာဖွေနိုင်စေပြီး ဆင့်ပွားဈေးကွက်များသည် ရင်းနှီးမြှုပ်နှံသူများ ကို ၎င်းတို့၏ စိတ်ကြိုက်နှင့် လိုအပ်ချက်များအရ ငွေချေး သက်သေခံလက်မှတ်များကို ဝယ်ယူ ရောင်းချနိုင်သည့် နေရာ ဖြစ်ပါသည်။

အရင်းအနှီးဈေးကွက်၏ သော့ချက်မှာ ငွေချေးသက်သေခံ လက်မှတ်များ ထုတ်ဝေရောင်းချ၍ အရင်းအနှီး ရရှိစေခြင်းပင် ဖြစ်သည်။ အဖွဲ့အစည်းများသည် အရင်းအနှီးမြှင့်တင်ရန် အစု ရှယ်ယာများနှင့် ငွေချေးစာချုပ်များကို ထုတ်ဝေရောင်းချမည် ဖြစ်သည်။ ဥပမာအားဖြင့် ကော်ပိုရေးရှင်းတစ်ခုသည် သတ်မှတ် ဈေးနှုန်းဖြင့် စတော့ ရှယ်ယာအသစ်များကို ထုတ်ဝေရောင်းချနိုင် သည်။ သို့ရာတွင် ပွင့်လင်းမြင်သာသောဈေးကွက်တွင် ငွေချေး သက်သေခံလက်မှတ်တစ်ခု၏ ဈေးနှုန်းသည် ယေဘုယျအားဖြင့် အမြဲတမ်းပြောင်းလဲနေပြီး ဈေးကွက်အတွင်းရှိ ဝယ်လိုအားကို ထင်ဟပ်စေပါသည်။

ရင်းနှီးမြှုပ်နှံမှုဆိုသည်မှာ အချိန်ကြာလာသည်နှင့်အမျှ ဝင်ငွေ သို့မဟုတ် တန်ဖိုးတက်မှုကိုရရှိရန်ရည်ရွယ်ချက်ဖြင့် သိုမီး ထားသောပိုင်ဆိုင်မှု သို့မဟုတ် ပစ္စည်းတစ်ခုကို ဆိုလိုပါသည်။ တစ်နည်းအားဖြင့်ဆိုရသော် ရင်းနှီးမြှုပ်နှံမှုဟူသည် သတ်မှတ် ထားသော အချိန်ကာလအတွင်း မျှော်မှန်းသည့် ပြန်အမ်းငွေ ရရှိရန် ရည်ရွယ်ချက်ဖြင့် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ကုမ္ပဏီများမှ ထုတ်ဝေသော ငွေချေးသက်သေခံလက်မှတ်များ သို့မဟုတ် ပိုင်ဆိုင်မှုများတွင် ငွေကြေးတိုးပွားလိုသည့် လူတစ်ဦး ချင်း သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ သတိရှိရှိ လုပ်ဆောင်မှု တစ်ခုဖြစ်ပါသည်။




### အဘယ်ကြောင့် ရင်းနှီးမြှုပ်နှံပါသနည်း?

ရင်းနှီးမြှုပ်နှံမှုသည် ချမ်းသာကြွယ်ဝမှုကို ဖန်တီးပေးနိုင် သော လုပ်ဆောင်ချက်တစ်ခုဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုသည် အိမ်၊ မော်တော်ယာဉ်၊ လယ်ယာ၊စက်ရုံ၊စီးပွားရေး သို့မဟုတ် ပညာရေး စသည့် အိပ်မက်များကိုအကောင်အထည်ဖော်ရာတွင် အထောက် အကူ ဖြစ်စေပါသည်။ ရင်းနှီးမြှုပ်နှံမှုသည် စုဆောင်းငွေများကို ပြန်လည်ရရှိရန် လုပ်ဆောင်ပေးသည်။ ရင်းနှီးမြှုပ်နှံမှု မပါဘဲ ချမ်းသာမှုကို ဖန်တီးရန်မဖြစ်နိုင်ပါ။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံခြင်း သည် အနာဂတ်ကို လုံခြုံစိတ်ချစေရသည့် သော့ချက်ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံရန် အကောင်းဆုံးအချိန်သည် ယခုပင် ဖြစ် ပါသည်။ ယေဘုယျအားဖြင့် စောစောစတင်လေ ရင်းနှီးမြှုပ်နှံ ရန် အချိန်ပိုရလေဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူတစ်ဦးသည် ဆုံးရှုံး နိုင်ခြေကို ကြိုတင်ခန့်မှန်းနိုင်ရေးအတွက် ၎င်း၏ ရင်းနှီးမြှုပ်နှံ မှုကို စောင့်ကြည့်ရန် အရေးကြီးပါသည်။ ရင်းနှီးမြှုပ်နှံမှုကို စောင့် ကြည့်သည်ဆိုရာဝယ် ရင်းနှီးမြှုပ်နှံထားသည့် ကုမ္ပဏီအတွင်း ပြောင်းလဲမှုများ၊ ဈေးကွက်အခြေအနေနှင့် စီးပွားရေးစနစ်တစ်ခု လုံးကို စောင့်ကြည့်ခြင်း ဖြစ်ပါသည်။

စာမျက်နှာ ၃ သို့

**ဆုံးရှုံးနိုင်ခြေကို မည်သို့လျှော့ချမည်နည်း?**

အရင်းအနှီးဈေးကွက်၌ "ကြက်ဥအားလုံးကို ခြင်းတောင်း တစ်ခုတည်းတွင် မထားပါနှင့် (Don't put all your eggs in one basket)" ဟူသော ဆိုရိုးစကားရှိပါသည်။ ရင်းနှီးမြှုပ်နှံသူများသည် ဆင့်ပွားဈေးကွက်၌ရင်းနှီးမြှုပ်နှံရာတွင် ဆုံးရှုံးနိုင်ခြေအား လျှော့ချနိုင်ရေးအတွက် စတော့၊ ရှယ်ယာ သို့မဟုတ် ငွေချေးစာချုပ်အမျိုးအစား တစ်မျိုးတည်းတွင် ရင်းနှီးမြှုပ်နှံခြင်းမပြုဘဲ ဖြန့်ကျက်ရင်းနှီးမြှုပ်နှံရန် ဆိုလိုခြင်း ဖြစ်ပါသည်။



ဤသဘောတရားကို အလိုလိုနားလည်သည့်တိုင် အထူးသဖြင့် ငွေချေးစာချုပ်ဈေးကွက်တွင် သက်တမ်းနှင့် ထုတ်ဝေရောင်းချသည့်ကဏ္ဍကွဲပြားသောငွေချေးစာချုပ်များရှိသော်လည်း ရင်းနှီးမြှုပ်နှံသူများသည် အမျိုးအစားတစ်ခုတည်း၌သာ ရင်းနှီးမြှုပ်နှံနေဆဲဖြစ်ပါသည်။ဤပြဿနာသည် တစ်ဦးချင်းရင်းနှီးမြှုပ်နှံသူများသာမက အဖွဲ့အစည်းအလိုက် ရင်းနှီးမြှုပ်နှံသူများနှင့် ကျွမ်းကျင်သော ရန်ပုံငွေစီမံခန့်ခွဲသူများကိုပါ အကျိုးသက်ရောက်စေပါသည်။

အမေရိကန်စီးပွားရေးရာပညာရှင် Harry Markowitz သည် ဖြန့်ကျက်ရင်းနှီးမြှုပ်နှံခြင်း (Diversification) ဖြင့် ဆုံးရှုံးနိုင်ခြေလျှော့ချခြင်းလုပ်ငန်းဆိုင်ရာ နိုဘယ်ဆုကို ၁၉၉၀ ပြည့်နှစ်တွင် ရရှိခဲ့ပါသည်။ ဖြန့်ကျက်ရင်းနှီးမြှုပ်နှံခြင်းသည် ကြီးမားသောဆုံးရှုံးမှုများ ကြုံတွေ့ရနိုင်ခြေများကို လျှော့ချရန်အတွက် အသုံးပြုလေ့ရှိသော ရင်းနှီးမြှုပ်နှံမှုနည်းလမ်းတစ်ခုဖြစ်သည်။ မတူညီသော ပိုင်ဆိုင်မှုများတွင် ရင်းနှီးမြှုပ်နှံမှုများကိုဖြန့်ကျက်ခြင်းဖြင့် တစ်ခုတည်းသော ပိုင်ဆိုင်မှုအပေါ် သက်ရောက်မှုရှိသည့် အနုတ်လက္ခဏာ ဖြစ်ရပ်တစ်ခုကြောင့် အရာရာဆုံးရှုံးသွားနိုင်ခြေကို နည်းစေပါသည်။

တစ်နည်းအားဖြင့်ဆိုသော် ဖြန့်ကျက်ရင်းနှီးမြှုပ်နှံခြင်းသည် မတူညီသောလုပ်ငန်းနယ်ပယ်များ၊ ကုမ္ပဏီများနှင့် အခြားအမျိုးအစားများအလိုက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေများတွင် ခွဲဝေမြှုပ်နှံခြင်းဖြင့် စွန့်စားရမှုလျော့ပါးသက်သာစေရန်နှင့် အမြတ်အစွန်းများ အမြင့်မားဆုံးရရှိရန် ရည်ရွယ်သော မဟာဗျူဟာတစ်ခု ဖြစ်ပါသည်။

ဖြန့်ကျက်ရင်းနှီးမြှုပ်နှံခြင်းသည် ရင်းနှီးမြှုပ်နှံသူတစ်ဦးချင်းစီ၏ဆုံးရှုံးနိုင်ခြေကို စီမံခန့်ခွဲရန်နှင့် ပိုင်ဆိုင်မှု၏ ဈေးနှုန်းလှုပ်ရှားမှုများ မတည်ငြိမ်မှုကို လျှော့ချရန် ကူညီပေးနိုင်သည်။ သို့သော်ပိုင်ဆိုင်မှုများသည် မည်မျှပင်ကွဲပြားစေကာမူ အန္တရာယ်ကို လုံးလုံးလျားလျား ဖယ်ရှားပစ်နိုင်မည် မဟုတ်ကြောင်း သတိရှိသင့်သည်။ ထို့အပြင် ဖြန့်ကျက်ရင်းနှီးမြှုပ်နှံခြင်းသည် ပိုမိုနီးကြားစွာစောင့်ကြည့်သော်လည်း ကွဲပြားမှုနည်းသောချဉ်းကပ်မှုဖြင့်ရယူနိုင်သည့် ကုမ္ပဏီသို့မဟုတ် လုပ်ငန်းက သတ်မှတ်ထားသော ပျမ်းမျှအထက် ပြန်ရချက်များကို လျှော့ချစေနိုင်သည်။

သို့သော် ကျွမ်းကျင်သော ရင်းနှီးမြှုပ်နှံသူ မဟုတ်ပါက ယေဘုယျ ဈေးကွက်အန္တရာယ်များသည် စတော့တိုင်းနီးပါးအပေါ် သက်ရောက်မှုရှိကြောင်း သတိပြုမိစဉ်တွင် တစ်ဦးချင်းစတော့ရှယ်ယာများပိုင်ဆိုင်မှုနှင့်ဆက်စပ်နေသော စွန့်စားရမှုကို လျှော့ချရန် အရေးကြီးပါသည်။ ထို့ကြောင့် မတူညီသော ပိုင်ဆိုင်မှုအမျိုးအစားများ၊ပထဝီဝင်တည်နေရာများ၊ ငွေချေးစာချုပ်များ၏ သက်တမ်းကာလနှင့် ကုမ္ပဏီများအကြားတွင် ခွဲခြားရင်းနှီးမြှုပ်နှံရန် အရေးကြီးပါသည်။ ဈေးကွက်ထဲတွင် အချိန်အတိုင်းအတာတစ်ခုအထိ ရောက်ရှိပြီးသည်နှင့် ကိုယ်တိုင်ကြုံတွေ့နိုင်သည့်ဖြစ်နိုင်ခြေရှိသော အန္တရာယ်များနှင့် အကျွမ်းတဝင်ရှိပြီးသော ပိုင်ဆိုင်မှုများကိုသာ အာရုံစိုက်သင့်ပါသည်။ အဓိကအချက်မှာ စွန့်စားရမှုနှင့် ပြန်ရချက်အကြားတွင် ပိုမိုကောင်းမွန်သော ရလဒ်ကို ရှာဖွေရန်ဖြစ်သည်။ သို့မှသာ ကောင်းစွာအိပ်စက် အနားယူနေချိန်၌ မျှော်မှန်းထားသော ငွေကြေးပန်းတိုင်များကို ရရှိအောင်မြင်နိုင်စေမည်ဖြစ်ပါသည်။

**မူဝါဒရေးရာအဖွဲ့**


ကိုးကား

၁။ https://bondblox.com/news/diversification-using-the-rule-of-20-to-build-a-bond-portfolio

၂။ https://www.investopedia.com/investing/importance- diversification/

၃။ 20play%20a%20vital%20role,challenges%20and%20risks%20they%20face.&text=Pratap%20Giri%2C%20S.&text=Ramanjeet%20M

# ကော်မရှင်ရုံး၏ လုပ်ငန်းဆောင်ရွက်ချက်များ

## ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနား




ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင်ရုံး၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အတွက် ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

## နှုတ်ဆက်လက်ဆောင်ပေးအပ်ပွဲ အခမ်းအနား




သက်တမ်းပြည့်မြောက်၍ အနားယူသွားသော ဥပဒေဆိုင်ရာအကြံပေး(၁)ဦးနှင့် ကော်မရှင်အဖွဲ့ဝင်(၁)ဦးတို့အား နှုတ်ဆက် လက်ဆောင်ပေးအပ်ပွဲ အခမ်းအနားကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

## အင်္ဂလိပ်စာကျွမ်းကျင်မှုအခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၄)ဖွင့်ပွဲ ကျင်းပခြင်း



ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင်ရုံး ဝန်ထမ်းများ၏ အင်္ဂလိပ်စာ ကျွမ်းကျင်မှု အခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၄) ဖွင့်ပွဲ အခမ်းအနားကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

## သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု တည်မြဲအမိန့်နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း



ဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု တည်မြဲအမိန့်နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့ တွင် ကျင်းပခဲ့ပါသည်။

# ကော်မရှင်ရုံး၏ လုပ်ငန်းဆောင်ရွက်ချက်များ

## မိတ်ဆုံစားပွဲ ကျင်းပခြင်း



ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးမှ ဝန်ထမ်းများမိတ်ဆုံစားပွဲကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

## လုပ်ငန်းဆောင်ရွက်မှုအား စစ်ဆေးခြင်း



ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင်ရုံး၊ စစ်ဆေးရေးအဖွဲ့မှ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ (၁) ခု၏ လုပ်ငန်းဆောင်ရွက်မှုအား စစ်ဆေးခဲ့ပါသည်။

## အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် နိုင်ငံ့ဝန်ထမ်းများ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာများ တိုးပွားလာစေရန်အတွက် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေး ရှင်းလင်း ဆွေးနွေးပွဲကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ရက်နေ့တွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

## ကော်မရှင်ရုံးအစည်းအဝေးများ



၂၀၂၄ ခုနှစ်၊ ဇူလိုင်လ မှ စက်တင်ဘာလ အထိ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် အစည်းအဝေး (၂) ကြိမ် ကျင်းပခဲ့ပါသည်။

## ကော်မရှင်ရုံးဆွေးနွေးပွဲများ

| | |
|---|---|
| ရန်ကုန်စတော့အိပ်ချိန်း (YSX) | အပတ်စဉ် |
| ကော်မရှင်ရုံးစီမံခန့်ခွဲရေးကော်မတီ | လစဉ် |
| ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ | လစဉ် |
| ဌာနတွင်း ဆန္ဒထုတ်ဖော်ပွဲ | လစဉ် |

# ကော်မရှင်ရုံး၏ လုပ်ငန်းဆောင်ရွက်ချက်များ

## အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် ဒုတိယအကြီးအကဲများအစည်းအဝေး တက်ရောက်ခြင်း






၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် လာအိုနိုင်ငံ ၊ လွမ်ပရာဘမ်မြို့၌ အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် ဒုတိယအကြီးအကဲများအစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ရာ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် တက်ရောက်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်များမှ ဒုတိယအကြီးအကဲများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

## ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာသင်တန်း တက်ရောက်ခြင်း



၂-၉-၂၀၂၄ မှ ၁၀-၉-၂၀၂၄ ရက်နေ့အထိ အိန္ဒိယ သမ္မတနိုင်ငံ ၊ Andhra Pradesh ပြည်နယ်၊ Palasamudram ရှိ National Academy of Custom, Indirect Taxes and Narcotics(NACIN) တွင် ဖွင့်လှစ်ခဲ့သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာသင်တန်းသို့ ကော်မရှင်ရုံးမှ အရာထမ်း သုံးဦး တက်ရောက်ခဲ့ကြပါသည်။

## အင်္ဂလိပ်စာကျွမ်းကျင်မှု အဆင့်မြှင့်သင်တန်း တက်ရောက်ခြင်း





အိန္ဒိယနိုင်ငံ Indian Technical & Economic Cooperation (ITEC) 2024-2025 အစီအစဉ်ဖြင့် ၃-၉-၂၀၂၄ မှ ၃၀-၉-၂၀၂၄ ရက်နေ့အထိ ဖွင့်လှစ်သည့် အင်္ဂလိပ်စာ ကျွမ်းကျင်မှု အဆင့်မြှင့် သင်တန်းသို့ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင်ရုံးမှ အရာထမ်း တစ်ဦး တက်ရောက်ခဲ့ပါသည်။


# ဈေးကွက်ဆိုင်ရာအချက်အလက်များ

## ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်မှုနှင့် နိုင်ငံခြားသားအစုရှယ်ယာရောင်းဝယ်မှုများ

၂၀၂၄ ခုနှစ် ၊ စက်တင်ဘာလအထိ
ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်မှုအခြေအနေ





၂၀၂၄ ခုနှစ်၊ ဇူလိုင်လ မှ စက်တင်ဘာလအထိ
နိုင်ငံခြားသားများရင်းနှီးမြှုပ်နှံမှုအခြေအနေ





## အစုရှယ်ယာရောင်းဝယ်မှုများ

စာရင်းဝင်ကုမ္ပဏီ(၈)ခု၏ အရောင်းအဝယ်ဖြစ်မြောက်မှုအခြေအနေ
၂၀၂၄ ခုနှစ်၊ ဇူလိုင်လ မှ စက်တင်ဘာလအထိ





စာရင်းဝင်အကြိုဈေးကွက်တွင် အရောင်းအဝယ်ဖြစ်မြောက်မှုအခြေအနေ
၂၀၂၄ခုနှစ်၊ ဩဂုတ်လမှ စက်တင်ဘာလ အထိ




## အစိုးရငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်မှုများ

**ဆင့်ပွားဈေးကွက်တွင် အစိုးရငွေတိုက်စာချုပ်များ ရောင်းဝယ်မှု**
**(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ မှ စက်တင်ဘာလ အထိ)**




## ဈေးကွက်တွင်ပါဝင်သူများနှင့်ပူးပေါင်းဆောင်ရွက်မှု

**ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး အဖွဲ့သို့**
**ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး အစီရင်ခံတင်ပြမှု**
**(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ မှ စက်တင်ဘာလအထိ)**



# အာဆီယံနိုင်ငံများဆိုင်ရာ သတင်းအချက်အလက်များ

## ၃၇ ကြိမ်မြောက် အာဆီယံအိပ်ချိန်းများ၏ အမှုဆောင်အရာရှိချုပ်များ အစည်းအဝေးတွင် အာဆီယံဒေသကို ပိုမိုဆွဲဆောင်မှုရှိသောဒေသ ဖြစ်လာစေရေး တိုးချဲ့ပုံဖော်သွားရန် ကတိပြု

၃၇ ကြိမ်မြောက် အာဆီယံအိပ်ချိန်းများ၏ အမှုဆောင်အရာရှိချုပ်များအစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင် မလေးရှားအိပ်ချိန်း (Bursa Malaysia) က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး ဒေသတွင်း အဓိကကျသည့် အိပ်ချိန်း ၆ ခုမှ အမှုဆောင်အရာရှိချုပ်များ တက်ရောက်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးတွင် ရေရှည်တည်တံ့သော စီးပွားရေးဂေဟစနစ်နှင့် ဒေသတွင်းဈေးကွက်များ ချိတ်ဆက်လုပ်ဆောင်မှုကို အလေးထား ဆောင်ရွက်ခြင်းဖြင့် ပိုမိုဆွဲဆောင်မှုရှိသော အာဆီယံဈေးကွက်ဖြစ်ပေါ်လာစေရန် ရည်ရွယ်ပြီး ကနဦး ဆွေးနွေးမှုများကို ပြုလုပ်ခဲ့ကြပါသည်။ အစည်းအဝေးသို့ မလေးရှားအိပ်ချိန်း၊ အင်ဒိုနီးရှားစတော့ အိပ်ချိန်း (ISE)၊ ဖိလစ်ပိုင်စတော့အိပ်ချိန်း (PSE)၊ စင်္ကာပူအိပ်ချိန်း (SGX Group) နှင့် ထိုင်းစတော့အိပ်ချိန်း(SET) တို့မှ အမှုဆောင် အရာရှိချုပ်များနှင့် ဗီယက်နမ်အိပ်ချိန်းမှ ဒုတိယအမှုဆောင် အရာရှိချုပ်တို့ တက်ရောက်ခဲ့ကြပါသည်။ ထို့အပြင် ကမ္ဘောဒီးယား နှင့် လာအို ငွေချေးသက်သေခံလက်မှတ်အိပ်ချိန်းတို့မှ ကိုယ်စားလှယ်များက လေ့လာသူအဖြစ် တက်ရောက်ခဲ့ကြပါသည်။ ယခုနှစ် အစည်းအဝေးသည် ပြီးခဲ့သည့် စက်တင်ဘာလတွင် ချင်းမိုင်၌ ထိုင်းစတော့အိပ်ချိန်းက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၃၆ ကြိမ်မြောက် အစည်းအဝေးအပေါ် အခြေခံပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။

အာဆီယံဒေသတွင်း ဈေးကွက်ချိတ်ဆက်ဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန်ရည်ရွယ်၍ အာဆီယံအိပ်ချိန်းများသည် ၎င်းတို့သက်ဆိုင်ရာ အိပ်ချိန်းများရှိ ပြည်တွင်းရင်းနှီးမြှုပ်နှံသူများအား အိမ်နီးချင်းနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အရေးအသစ်ဖြစ်သည့် Depository Receipts(DR) များ ကမ်းလှမ်းရောင်းချမှုကို ပူးပေါင်းဆောင်ရွက်သွားရန်သဘောတူညီခဲ့ကြပါသည်။၎င်းသဘောတူညီမှုသည် ယမန်နှစ်က SGX Group နှင့် SET တို့၏ DR ချိတ်ဆက်ဆောင်ရွက်မှုမှ အပြုသဘောဆောင်သော ရလဒ်များ ထွက်ပေါ်လာခြင်းအပေါ် အခြေပြု၍ အာဆီယံအဆင့် တက်လှမ်းနိုင်ရေးအတွက် ပဏာမခြေလှမ်းအဖြစ် သဘောတူညီမှုဖြစ်သည်။

ယမန်နှစ်အတွင်း အာဆီယံအိပ်ချိန်းများနှင့်လေ့လာသူများအကြား သတင်းအချက်အလက်မျှဝေမှု တိုးမြှင့်လာခြင်းနှင့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီမံအုပ်ချုပ်မှု (Environmental, Social and Governance-ESG) တိုင်းတာသည့်စနစ် လက်ခံကျင့်သုံးလာကြသည့်အတွက် ရေရှည်တည်တံ့မှုအပိုင်းတွင် အရှိန်အဟုန်ကောင်းမွန်လာသည်ကို တွေ့ရှိရပါသည်။ ESG မြေပြင်စစ်တမ်းအပေါ် အခြေခံ၍ အာဆီယံဒေသတွင်း အိပ်ချိန်းများအနေဖြင့် အနာဂတ်တွင် ESG ပဏာမခြေလှမ်းများကို ဦးစားပေးအဆင့် အလိုက်ဆောင်ရွက်ရန် ၎င်းတို့နှင့်သက်ဆိုင်သည့် စစ်တမ်းတစ်ခုကို ဆောင်ရွက်ခဲ့ပါသည်။

အာဆီယံအိပ်ချိန်းများ၏ အမှုဆောင် အရာရှိချုပ်များ/ ဥက္ကဋ္ဌများသည် နောင်လာမည့် ၃ နှစ် အတွင်း အောက်ဖော်ပြပါ လုပ်ငန်း ဆောင်ရွက်မှုစည်းမျဉ်းများ (Proof-of-Concepts POCs) (၄) ခုကို ဆက်လက်လုပ်ဆောင်သွားရန် သဘောတူညီခဲ့ပါသည်-

(၁) **အာဆီယံဒေသတွင်းအချက်အလက်ဆိုင်ရာ အခြေခံအဆောက်အဦတည်ထောင်ခြင်း-** အာဆီယံနိုင်ငံများအကြား အချက်အလက်ဖွဲ့စည်းမှုများနှင့် စံနှုန်းများကို တသမတ်တည်းဖြစ်ပေါ်စေပြီး တစ်စုတစ်စည်းတည်းသောကုန်သွယ်မှုဝါဒနှင့် လည်ပတ်မှုပုံစံ ပေါ်ပေါက်လာစေရေး။

(၂) **စာရင်းဝင်ရောက်ထားသည့် ထုတ်ဝေသူများ အတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်း** – ကမ္ဘာ့တစ်ဝှမ်းနှင့် ဒေသတွင်းလိုအပ်ချက်များကို အခြေခံထားသည့် စံသတ်မှတ်ထားသော အာဆီယံ ESG သင်ရိုးညွှန်းတမ်းကို ဖန်တီးခြင်းဖြင့် စာရင်းဝင်ရောက်ထားသည့် ထုတ်ဝေသူများအားထိရောက်မှုရှိသော၊ အလိုအလျောက်နှင့် အတိုင်းအတာတစ်ခုဖြင့် အာမခံချက်ပေးနိုင်သော လုပ်ငန်းစဉ်များဖြစ်ပေါ်လာအောင် ကူညီပံ့ပိုးပေးရေး။

(၃) **ကော်ပိုရိတ်ထုတ်ဝေရောင်းချသူများအတွက် ဘဏ္ဍာငွေလွှဲပြောင်းခြင်း**-ကုန်သွယ်မှုကွင်းဆက်များတစ်လျောက် အရည်အသွေးပြည့်မီသောအစီအရင်ခံစာများပေါ်ပေါက်လာစေရေးအတွက်ဘဏ်များနှင့် ပူးပေါင်းဆောင်ရွက်၍ ဖွင့်ဟထုတ်ဖော်မှုများနှင့်ကာဗွန်လျှော့ချရေး ဆောင်ရွက်သူများအတွက် ဘဏ္ဍာငွေရှာဖွေရေးအစီအစဉ်များတွင် သက်သာသောနှုန်းထားများ သတ်မှတ်ပေးရေး။

စာမျက်နှာ ၁၀ သို့

(၄) **အာဆီယံ ESG ဆုများချီးမြှင့်ခြင်း** – နိုင်ငံတကာတွင် မိမိတို့၏ လုပ်ငန်းပုံရိပ်ကို မြှင့်တင်နိုင်ရေးနည်းလမ်းအဖြစ် စာရင်းဝင်ရောက်ထားသော ထုတ်ဝေရောင်းချသူများအတွက် စံပြ ESG စွမ်းဆောင်ရည်ဆုများ ပေးအပ်ရေး။

Bursa Malaysia, IDX နှင့် SET တို့အကြား ရေးထိုးထားသည့် အာဆီယံနိုင်ငံများ အပြန်အလှန် ချိတ်ဆက်ထားသော ရေရှည်တည်တံ့မှုဂေဟစနစ် (ASEAN – Interconnected Sustainability Ecosystem (ASEAN-ISE)) နားလည်မှုစာချွန်လွှာသည် ယခုအခါ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် SGX Group နှင့် ဇူလိုင်လတွင် PSE တို့ ပါဝင်လာခဲ့ပြီဖြစ်သည်။ ထိုသို့ သိသိသာသာ တိုးတက်လာမှုသည် ၎င်းတို့၏သက်ဆိုင်ရာ ESG အချက်အလက် အခြေခံအဆောက်အအုံများအတွင်း ဘုံ ESG တိုင်းတာမှုစနစ် (Common ESG Metrics ) ကို လက်ခံကျင့်သုံးရာတွင် အာဆီယံအဖွဲ့၏ ကတိကဝတ်ကို အလေးအနက် ဖြစ်စေပြီး ဒေသတွင်းတစ်လျှောက် ပွင့်လင်းမြင်သာမှု၊ ယှဉ်ပြိုင်နိုင်မှု နှင့် စံနမူနာပြ ESG ကျင့်ထုံးများကို သိသာစွာ တိုးတက်စေပါသည်။

Bursa Malaysia ၏ အမှုဆောင်အရာရှိချုပ် Datuk Muhamad Umar Swift က "ASEAN-ISE တွင် PSE ပါဝင်လာမှုသည် အာဆီယံအိပ်ချိန်းအဖွဲ့ဝင်များ၏ စည်းလုံးညီညွတ်သော ဈေးကွက်တစ်ခုအဖြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာသော ကတိကဝတ်ဖြစ်ပါကြောင်း၊ Proof of Concept အပေါ် သဘောတူချက်များသည် အဓိကကျသော ဗျူဟာမြောက်နယ်ပယ်များတွင် အလုပ်လုပ်ကိုင်နိုင်မှုပုံစံများ ရှာဖွေအသုံးချခြင်းအတွက် စုပေါင်းစွမ်းအင်နှင့် အရင်းအမြစ်များ အဓိကထားမှုကို ပေါ်လွင်စေပါကြောင်း၊ ထိုနယ်ပယ်များတွင် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန် ရည်ရွယ်၍ တူညီသည့် အချက်အလက် အခြေခံအဆောက်အအုံ ဖန်တီးခြင်း၊ ကုန်ကျစရိတ် ပိုမိုသက်သာစေပြီး စီးပွားရေးစွမ်းဆောင်ရည် အရင်းအမြစ်များကို မြှင့်တင်ခြင်း၊ ဘဏ္ဍာငွေလွှဲပြောင်းမှု လွယ်ကူချောမွေ့စေရန် အပြန်အလှန် ချိတ်ဆက်ထားသော ဈေးကွက်တည်ဆောက်ခြင်းနှင့် သာလွန်ကောင်းမွန်သည့် ESG အလေ့အကျင့်ရှိသော စီးပွားရေးလုပ်ငန်းများတွင် အရင်းအနှီးများ ထည့်ဝင်ခြင်း တို့ကို ပြုလုပ်သွားမည် ဖြစ်ပါကြောင်း၊ ယခုလုပ်ငန်းစဉ်ကို ၃ နှစ် ကြာမြင့်မည်ဟု မျှော်မှန်းထားပြီး ထိုလုပ်ငန်းစဉ်များ အရှိန်မြှင့်ရန်အတွက် အလားအလာရှိသော စီးပွားရေးပုံစံများ သို့မဟုတ် ရည်မှန်းချက်နှင့် ကိုက်ညီသည့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် လမ်းဖွင့်ပေးထား ပါကြောင်း" ပြောကြားခဲ့ပါသည်။

PSE ၏ ဥက္ကဋ္ဌ နှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ Ramon S. Monzon က "ရေရှည်တည်တံ့မှု ရှိစေရန် စုပေါင်းကြိုးစားအားထုတ်ကြရမည်ဖြစ်ပြီး ASEAN-ISE အနေဖြင့် ဒေသတွင်း ESG ပဏာမခြေလှမ်းများ အကောင်အထည်ဖော်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင်ပါဝင်နိုင်မည့် အခွင့်အလမ်းတစ်ရပ်ပေးသည် ဟု ယုံကြည်ပါကြောင်း၊ ဒေသတွင်းအိပ်ချိန်းများနှင့် ပူးပေါင်း၍ အာဆီယံဈေးကွက် ရေရှည်တည်တံ့ရေး အဆင့်မြှင့်တင်နိုင်ရန် အစီအစဉ်များချမှတ် အကောင်အထည်ဖော်ရမည် ဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။

မကြာသေးမီလများအတွင်း ပြန်လည်ဆန်းသစ်ထားသည့် အာဆီယံအိပ်ချိန်းဝက်ဘ်ဆိုဒ် www.aseanexchanges.org သည် ယခုအခါ ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများအတွက် အာဆီယံဒေသ၏ ကြီးမားကျယ်ပြန့်သည့် စီးပွားရေး အလားအလာများကို လေ့လာနိုင်ရန်အတွက် တံခါးတစ်ချပ်အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ဝက်ဘ်ဆိုဒ်တွင် ပြည့်စုံကျယ်ပြန့်သော သတင်းအရင်းအမြစ်များ၊ အာဆီယံဈေးကွက်ကို ထိုးထွင်းသိမြင်နိုင်ရန် သတင်းအချက်အလက်များ နှင့် အဓိကကျသည့် အပြောင်းအလဲဆိုင်ရာ သတင်းများကို ဖော်ပြထားပါသည်။

မူဝါဒရေးရာအဖွဲ့

**ရင်းမြစ်**


https://www.bursamalaysia.com/sites/5bb54be15f36ca0af339077a/content_entry5c11a9db758f8d31544574c6/66963a35e6414a1e904ea298/files/160724_ASEAN_EXCHANGES_COMMIT_TO_ADVANCE_ASEAN_AS_AN_ATTRACTIVE_REGION_AT_THE_37TH_ASEAN_EXCHANGES_CEOS_MEETING_HOSTED_BY_BURSA_MALAYSIA.pdf?1721122934

# ထိုင်းစတော့အိပ်ချိန်း (SET) နှင့် FTSE Russell တို့ ပူးပေါင်းဆောင်ရွက်

ထိုင်းစတော့အိပ်ချိန်း (SET) သည် ထိုင်းနိုင်ငံရှိ စာရင်းဝင်ကော်ပိုရေးရှင်းများအကြား စဉ်ဆက်မပြတ် အကဲဖြတ်မှု မူဘောင်တစ်ခုကို ပံ့ပိုးနိုင်ရန်အတွက် ကမ္ဘာ့ထိပ်တန်း စတော့ဈေးကွက်ဆိုင်ရာ စံချိန်စံနှုန်းများကို ထုတ်ပြန်လျက်ရှိသည့် ကုမ္ပဏီတစ်ခုဖြစ်သော FTSE Russell နှင့် မိတ်ဖက်အဖြစ် ဆောင်ရွက်လျက်ရှိကြောင်း ၃၀-၇-၂၀၂၄ ရက်နေ့တွင် ကြေညာခဲ့သည်။ အဆိုပါ FTSE Russell ကုမ္ပဏီသည် ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးဈေးကွက် အခြေခံအဆောက်အအုံနှင့် အချက်အလက်များအား ပံ့ပိုးပေးလျက်ရှိသည့် လန်ဒန်စတော့အိပ်ချိန်းဂရု (London Securities Exchange Group-LSEG) ၏ လက်အောက်ခံ ကုမ္ပဏီတစ်ခုဖြစ်သည်။

SET သည် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီမံအုပ်ချုပ်မှု (Environmental, Social and Governance-ESG) စံနှုန်းများအတွက် အမှတ်ပေးမှုဘောင် အသစ်တစ်ခုကို ချမှတ်ရန် လက်ရှိအသုံးပြုလျက်ရှိသော SET ESG အဆင့်သတ်မှတ်မှုများ အစား FTSE Russell ကုမ္ပဏီ၏ ESG အချက်လက်ပုံစံအား ၂၀၂၆ ခုနှစ်မှစတင်၍ အစားထိုး အသုံးပြုသွားမည် ဖြစ်သည်။ အကျိုးစီးပွားသက်ဆိုင်သူများအနေဖြင့် အဆိုပါ မူဘောင်အသစ်ကို လက်ခံကျင့်သုံးရန် အသင့်ဖြစ်စေရေးအတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ရှေ့ပြေးစမ်းသပ်အဆင့် (Pilot Phase) ကို စတင်အကောင်အထည်ဖော်သွားမည် ဖြစ်သည်။ အဆိုပါ ပူးပေါင်းဆောင်ရွက်မှု မှတစ်ဆင့် ထိုင်းနိုင်ငံ၏ အရင်းအနှီးဈေးကွက်အား စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးမှုဆိုင်ရာ ထုတ်ဖော်ခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်းအတွက် နိုင်ငံတကာမှ အကောင်းဆုံးသော အလေ့အကျင့်များနှင့်အညီ ဖြစ်စေရန် အထောက်အကူပြုမည် ဖြစ်သည်။

လက်ရှိအသုံးပြုနေသော SET ESG အဆင့်သတ်မှတ်မှုများသည် စာရင်းဝင်ကုမ္ပဏီများအတွက် ဆန္ဒအလျောက် ရွေးချယ်ခွင့်ရှိပြီး ကုမ္ပဏီများ၏ အဆိုပါ အဆင့်သတ်မှတ်မှုများတွင် ပါဝင်သည့် မေးခွန်းလွှာအပေါ် ဖြေကြားချက်များနှင့် လိုအပ်သော အရည်အသွေးသတ်မှတ်ချက်များအပေါ် အကဲဖြတ်ခြင်းမှ ရရှိလာသည့် သတ်မှတ်စံနှုန်းများသည် ကိုက်ညီရမည်ဖြစ်သည်။ SET ESG အဆင့်သတ်မှတ်မှုများ၏ စံနှုန်းများနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များကို ကော်ပိုရိတ်စီမံအုပ်ချုပ်မှု နှင့် စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးမှုဆိုင်ရာ ကျွမ်းကျင်သူများ ပါဝင်သည့် SET ၏ စဉ်ဆက်မပြတ် ရင်းနှီးမြှုပ်နှံမှုကော်မတီ (SET's Sustainable Investment Committee) က အတည်ပြုထားပါသည်။

အရည်အချင်းပြည့်မီသော ကုမ္ပဏီများသည် ၎င်းတို့၏ စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးရေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများကို အများပြည်သူရရှိနိုင်သည့် အချက်အလက်များမှ တစ်ဆင့် FTSE Russell ၏ ESG အချက်လက်ပုံစံကိုအသုံးပြု၍ အကဲဖြတ်မည်ဖြစ်ပါသည်။ ၎င်း ESG အချက်လက်ပုံစံကို နိုင်ငံပေါင်း ၄၇ နိုင်ငံမှ ကုမ္ပဏီပေါင်း ၈,၀၀၀ ကျော် အသုံးပြုလျက်ရှိပြီး ယုံကြည်အားကိုးမှု တည်ဆောက်ရန်၊ ပွင့်လင်းမြင်သာမှုကို မြှင့်တင်ရန်နှင့် ကုမ္ပဏီများအတွက် စဉ်ဆက်မပြတ် အကဲဖြတ်မှုဆိုင်ရာ မေးခွန်းလွှာများ ဖြေဆိုရာ၌ တက်ကြွမှုရှိစေရန် အကူအညီပေးပါသည်။ ရင်းနှီးမြှုပ်နှံသူများ အနေဖြင့်လည်း တူညီသောစံနှုန်းများကို အသုံးပြုပြီး ပြည်တွင်းနှင့် နိုင်ငံတကာမှ လုပ်ငန်းတူ ကုမ္ပဏီများနှင့် နှိုင်းယှဉ်၍ ၎င်းတို့၏ ရလဒ်များကို စံသတ်မှတ်နိုင်မည်ဖြစ်သည်။ FTSE ESG အချက်အလက်ပုံစံကို ကော်ပိုရိတ်ကဏ္ဍ၊ ရင်းနှီးမြှုပ်နှံသူများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ပညာရှင်များနှင့် အခြားနယ်ပယ်အသီးသီးမှ မတူကွဲပြားသော အကျိုးစီးပွားသက်ဆိုင်သူများ၏ အမြင်များကို အခြေပြု ထင်ဟပ်စေသော အကဲဖြတ်မှု နည်းစနစ်ဖြင့် လွတ်လပ်သော အကြံပေးကော်မတီက ကြီးကြပ်ပါသည်။

SET ၏ ဥက္ကဋ္ဌ ဒေါက်တာ Pakorn Peetathawatchai က SET သည် ထိုင်းနိုင်ငံ၏အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စဉ်ဆက်မပြတ်ရေရှည်ဖွံ့ဖြိုးမှုနှင့် နိုင်ငံတကာအသိအမှတ်ပြုမှုရရှိစေရန် ဦးစားပေးလုပ်ဆောင်ခဲ့ကြောင်း၊ SET ESG အဆင့်သတ်မှတ်မှုများကို မြှင့်တင်ရန်နှင့် နိုင်ငံတကာစံနှုန်းများနှင့် ပိုမိုကောင်းမွန်စွာလိုက်လျောညီထွေ ဖြစ်စေရန်အတွက် ကမ္ဘာလုံးဆိုင်ရာ ESG အကဲဖြတ်ခြင်းနည်းလမ်းများကို ၂၀၂၂ ခုနှစ် ကတည်းကပင် စတင်ရှာဖွေနေခဲ့ကြောင်း၊ မကြာသေးမီက FTSE Russell နှင့် လက်တွဲဆောင်ရွက်ရန် သဘောတူညီခဲ့ခြင်းဖြစ်ကြောင်း ပြောကြားပါသည်။

ရင်းနှီးမြှုပ်နှံသူများသည် စာရင်းဝင်ကုမ္ပဏီများနှင့် ၎င်းတို့၏ ESG လုပ်ငန်းဆောင်ရွက်မှုများအား ကမ္ဘာလုံးဆိုင်ရာ အသိအမှတ်ပြု

စာမျက်နှာ ၁၂ သို့

စံနှုန်းများနှင့် ကိုက်ညီစေရေးအတွက် ပွင့်လင်းမြင်သာစွာ အကဲဖြတ်နိုင်ရန် FTSE Russell ၏ ထုတ်ကုန်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိပါသည်။ ခန့်မှန်းခြေအားဖြင့် ၁၅.၉ ထရီလီယံဒေါ်လာကို FTSE Russell အညွှန်းကိန်းများဖြင့် စံသတ်မှတ်ထားပါသည်။

SET နှင့် FTSE Russell တို့ကြား ပူးပေါင်းဆောင်ရွက်မှုသည် ထိုင်းနိုင်ငံ အရင်းအနှီးဈေးကွက်အတွက် သိသာထင်ရှားသော မှတ်တိုင်တစ်ခုဖြစ်ပြီး စာရင်းဝင်ကုမ္ပဏီများ၏ စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးမှု အလေ့အကျင့်များကို နိုင်ငံတကာအဆင့်အထိ မြှင့်တင်ရန်နှင့် ရင်းနှီးမြှုပ်နှံသူများ အနေဖြင့်လည်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးမှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု အလားအလာလမ်းကြောင်းများနှင့်အညီ ESG အကဲဖြတ်မှု စံနှုန်းများကို ထည့်သွင်းစဉ်းစားလာစေမည် ဖြစ်ကြောင်း နှင့် SET သည် နိုင်ငံတကာ ESG အကဲဖြတ်စံနှုန်းများဆီသို့ ချောမွေ့စွာ အသွင်ကူးပြောင်းနိုင်ရန် သက်ဆိုင်ရာ အေဂျင်စီများနှင့် ပူးပေါင်းကာ အဖွဲ့အစည်းအားလုံးကို အကျိုးဖြစ်ထွန်းစေမည့် လမ်းပြမြေပုံတစ်ခုကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း SET ၏ ဥက္ကဋ္ဌ ဒေါက်တာ Pakorn Peetathawatchai က ဆိုသည်။

LSEG မှ Sustainable Finance and Investment APAC ၏ အကြီးအကဲဖြစ်သူ Helena Fung က ပြည်တွင်းအရင်းအနှီးဈေးကွက် ဂေဟစနစ်များ အားကောင်းလာစေရန်နှင့် အကျိုးစီးပွားသက်ဆိုင်သူများ၏ လုပ်ငန်းလည်ပတ်မှုများ စဉ်ဆက်မပြတ်ရေရှည်ဖွံ့ဖြိုးမှုရှိစေရန် ပံ့ပိုးရာတွင် ထိုင်းစတော့အိပ်ချိန်းနှင့် ပူးပေါင်းဆောင်ရွက်ရခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ထို့အပြင် ဤပူးပေါင်း ဆောင်ရွက်မှုသည် မိမိတို့၏ တည်ဆဲ ကတိကဝတ်အရ ဈေးကွက်အသွင်ကူးပြောင်းခြင်းနှင့် အကျိုးစီးပွား သက်ဆိုင်သူများအတွက် တစ်ကမ္ဘာလုံးနှင့် တန်းတူတန်ဖိုး ဖန်တီးပေးသွားမည်ဖြစ်ကြောင်း၊ ထိုင်းစာရင်းဝင်ကုမ္ပဏီများအား ၎င်းတို့၏ ESG ကျင့်ထုံးများကို နိုင်ငံတကာ စံနှုန်းများနှင့် ကိုက်ညီစေမည်ဖြစ်ကြောင်း၊ နိုင်ငံတကာ ESG ထုတ်ပြန်ချက်တွင် ထိုင်းကုမ္ပဏီများ၏ ပုံရိပ်ကို သိသာထင်ရှားစွာ မြှင့်တင်ပေးမည်ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများထံသို့ ပုံရိပ်ကောင်းများ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့ပြင် စာရင်းဝင်ကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံသူများမှ FTSE Russell ၏ ESG အချက်လက် ပုံစံကို ပိုမိုကောင်းမွန်စွာ နားလည်နိုင်ရန် SET နှင့် FTSE Russell တို့သည် အသိအမြင်တိုးပွားစေရန်၊ ပညာရပ်ဆိုင်ရာ တတ်ကျွမ်းနားလည်မှုကို မြှင့်တင်ရန်၊ ယေဘုယျအားဖြင့် ဈေးကွက်ပါဝင်သူများ တွေ့ကြုံရမည့် ပြောင်းလဲမှုများကို အသိပေးရန်နှင့် SET ESG အဆင့်သတ်မှတ်မှုများမှ ESG အချက်လက်ပုံစံသို့ အသွင်ကူးပြောင်းရာတွင် လွယ်ကူချောမွေ့စေရန် စွမ်းရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲများကို ဆက်တိုက်ပြုလုပ်မည် ဖြစ်ကြောင်း၊ "The Next Step for SET ESG Ratings: Preparing for FTSE Russell ESG Assessment" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတစ်ခုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

SET နှင့် FTSE Russell သည် ထိုင်းနှင့် အင်္ဂလိပ်နှစ်ဘာသာဖြင့် FTSE Russell ၏ ESG အချက်လက်ပုံစံအမှတ်ပေးနည်းစနစ်ဆိုင်ရာ အခြေခံအသိပညာ လမ်းညွှန်ချက်ကို ထုတ်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

မူဝါဒရေးရာအဖွဲ့

ကိုးကား

https://www.set.or.th/en/market/news-and-alert/newsdetails?id=90076200&symbol=SET

ဤသတင်းလွှာတွင်ပါရှိသော အကြောင်းအရာများကို အသိပညာမျှဝေပေးခြင်းအတွက်သာ ရည်ရွယ်ဖော်ပြအပ်ပါသည်။